**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/ ၀၀၂ / ၂၀၂၁
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၂၂-၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ MOEE-၁/၂(လုံခြုံရေး-၂)(၁၂၀၀)/၂၀၂၁

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၆-၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/၂၀၂၁/(၂၀၄)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းသည် ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံးကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာပလက်ဖောင်းမှစတင်၍ ဖျာပုံခရိုင်၊ အမာမြို့နယ်၊ ဒေါ်ငြိမ်းကျေးရွာ ကမ်းခြေအနီးရှိ Landfall အထိ (Start Point မှ End Point အထိ) Freespan Rectification နှင့် Post Trenching လုပ်ငန်းများကို MV. ASHICO LAMSON (Call Sign: 3WVS) ဖြင့် (၂၅.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Freespan Rectification နှင့် Post Trenching လုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Start Point | 15° 07′ 23.934″ N | 94° 47′ 01.511″ E |
| TP1 | 15° 07′ 24.184″ N | 94° 47′ 12.573″ E |
| TP2 | 15° 07′ 39.969″ N | 94° 48′ 00.232″ E |
| TP4 | 15° 07′ 59.032″ N | 94° 48′ 32.223″ E |
| TP6 | 15° 20′ 36.399″ N | 95° 23′ 09.267″ E |

| Point | Latitude | Longitude |
|---|---|---|
| TP8 | 15° 26′ 36.744″ N | 95° 31′ 36.188″ E |
| TP10 | 15° 31′ 31.646″ N | 95° 36′ 01.826″ E |
| TP12 | 15° 39′ 31.361″ N | 95° 43′ 22.345″ E |
| TP14 | 15° 47′ 13.911″ N | 95° 41′ 50.316″ E |
| TP16 | 15° 51′ 33.051″ N | 95° 38′ 52.129″ E |
| End Point | 15° 53′ 54.547″ N | 94° 36′ 54.083″ E |

၃။ သို့ဖြစ်ပါ၍ (၂၅.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် လမ်းကြောင်း၏ ဘေးဘယ်ညာ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘော များ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)